အံတတ်အောင် တရားအားထုတ်၍ နေတတ်အောင် ကြိုးစားကြပါ။

၂။ စာကို တိုးတိုး အံခြင်းဖြင့် မိမိ သမာဓိကို တိုးပွါးစေနိုင်၏၊ စာကြည့်, စာချ တရားနှလုံးသွင်းနေသော အခြား ပုဂ္ဂိုလ်များကိုလည်း သမာဓိ မပျက်စေနိုင်ပါ၊ ယဉ်ကျေးသော စာသင်ကျောင်းတို့၌ စာကို တိုးတိုး အံကြရပါသည်။

၃။ ဗုဒ္ဓမြတ်စွာသည် သားတော် ရာဟုလာကို မုသားပြောတတ်တဲ့အရွယ်မှာ မုသား မပြောမိဘို့ရန် အထူး ဆုံးမတော်မူတယ်၊ ဒါ့ကြောင့် ကိုရင်တို့လဲ မုသားမပြောမိအောင် အထူးသတိထားကြပါ၊ မုသားပြောတဲ့ ကိုရင်ဟာ လိင်ကျတယ်၊ လိင်ကျလျှင် လူနဲ့မထူးတော့ဘူး။

၄။ "အလုပ်တခုခု ပြုမည်ကြံလျှင် မိမိကိုဖြစ်စေ သူတပါးကို ဖြစ်စေ နှိပ်စက်ရာမရောက်မှ (ဒုက္ခ မပေးမှ) ပြုရမည်"ဟူသော ဘုရားအမိန့်တော်ကို လေးစားသောအားဖြင့် ကိုရင်တို့လဲ သူများဒုက္ခပေးမည့် အလုပ်, မိမိကို ပြန်ပြီး ဒုက္ခပေးမည့်အလုပ်ကို မပြုမိကြပါစေနှင့်၊ ကိုရင် ရာဟုလာကလေးမှာ စိတ်ကောင်း နှလုံးကောင်း ရှိသလို ကိုရင်တို့လဲ စိတ်ကောင်း နှလုံးကောင်းရှိအောင် ကြိုးစား၍ ဆရာတို့ ဆုံးမသမျှကို လိုက်နာကြပါ။

၅။ အမျိုးကောင်း၍ ဖြစ်စေ မိဘက ပစ္စည်းဥစ္စာ ပေါ၍ ဖြစ်စေ ဉာဏ်ပညာထက်၍ဖြစ်စေ(ရှင်ရာဟုလာကဲ့သို့) မာန်မာန မရှိစေဘဲ ကိုယ့်အောက်ကျသူများကို ညှာ